

# ကော်ဘိုးဘွားမြေကို ခုခံကာကွယ်သူမေတ္တာရှင်
# စောသက်မီးအား အောက်မေ့သတိရဂုဏ်ပြုခြင်း
# ၁၉၇၀ - ၂၀၂၀ ခုနှစ်

ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးအတွက် ကြိုးပမ်းလှုပ်ရှားဆောင်ရွက်သော လူထုခေါင်းဆောင်တစ်ဦးဖြစ်သူ စောသက်မီးသေဆုံးခြင်းအပေါ် မူတြော်ခရိုင်၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိ ဌာနေကရင်တိုင်းရင်းသားအသိုင်းအဝိုင်းအားလုံးမှ ၎င်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းပူးဆွေးကြေကွဲရပါသည်။

စောသက်မီးသည် လွန်ခဲ့သည့် မတ်လ ၃၁ ရက်၊ ၂၀၂၀ ခုနှစ်တွင် စော်မူပလောကျေးရွာအုပ်စုအတွင်း ဗမာတပ်မတော် ဖေါက်လုပ်အသုံးပြုသောလမ်းကိုဖြတ်ကူးစဉ် ဗမာစစ်သားများ၏ပစ်သတ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ အဆိုပါလမ်းကို ဗမာတပ်မတော်က တပ်လိုအပ်မှုအမျိုးမျိုးအတွက် အသုံးပြုခြင်းဖြစ်သလို ထိုလမ်းကို ဗမာတပ်မတော်က အဆင့်မြှင့်ချဲ့ထွင်ရန် စီစဉ်လျှက်ရှိသည်။ ဗမာတပ်မတော်၏လမ်းချဲ့ထွင်ဖေါက်လုပ်မှုနှင့် ၎င်းကြောင့်ဖြစ်ပွားသည့်တိုက်ပွဲများသည် ဒေသခံလူထု၏အသက်အိုးအိမ် လုံခြုံရေးအတွက် ကြီးမားသော အဟန့်အတားနှင့်အန္တရာယ်များဖြစ်သည်။

## လူမှုအသိုင်းအဝိုင်းအတွက်ပေးဆပ်သူ မိသားစုဖခင်

စောသက်မီးသည် ၁၉၇၀ ခုနှစ်၌ ကော်သူးလေ၊ မူတြော်ခရိုင်၊ လူသောမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသ၊ ထီးဘောခီးရွာတွင် မွေးဖွားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ဇနီးနော်ယူမယ်နှင့် အိမ်ထောင်ပြုခဲ့ပြီး ၁၉၉၇ ခုနှစ်၌ ဗမာတပ်မတော်၏ထိုးစစ်နှင့် ၎င်းတို့၏ လယ်မြေကို ဖြတ်သွားသည့် ဗမာတပ်မတော်၏ ကားလမ်းဖေါက်လုပ်မှု စစ်ဆင်ရေးများကြောင့် ၎င်းတို့နှစ်ဦးသည် လယ်မူပလော ဒေသက ၎င်းတို့နေထိုင်လုပ်ကိုင်စားသောက်ခဲ့သော လယ်ယာမြေကို စွန့်ခွာခဲ့ရသည်။

စောသက်မီးသည် ရိုးရာနတ်စားဘာသာကို ယုံကြည်ကိုးကွယ်သူဖြစ်သည်။ သူသည် တက်ကြွသော လူထုခေါင်းဆောင် တစ်ဦးဖြစ်ပြီး ၂၀၀၆ ခုနှစ်မှစပြီး ဌာနေကရင်တိုင်းရင်းသားတို့စီမံအုပ်ချုပ်သော "ကော်" ဓလေ့ ရိုးရာမြေကာကွယ်ထိန်းသိမ်းရေးနှင့် ကျေးရွာပိုင်ဘုံသစ်တောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာခဲ့သည်။ သူသည် လူသောခိုကျေးရွာပိုင်ဘုံသစ်တော၏ ဒု - ဥက္ကဋ္ဌ ဖြစ်သလို "ကော်သေဂူ" ဓလေ့ရိုးရာမြေစီမံခန့်ခွဲရေးကော်မတီ၏အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သည်။ ၂၀၁၆ ခုနှစ်၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက်ပြုလုပ်သော အများပြည်သူနှင့် တွေ့ဆုံညှိနှိုင်းခြင်းအစည်းအဝေးကို တက်ရောက်ခဲ့ပြီးနောက်တွင် သူသည် ကျေးရွာလူမှုအသိုင်းအဝိုင်းထဲတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ဖြစ်မြောက်ရေးအတွက် ထောက်ခံပြောဆိုပေးသူတစ်ဦးဖြစ်လာခဲ့သည်။


စောသက်မီးနှင့်ဇနီးနော်ယူမယ်နှင့်သားသမီးငါးဦး

ယခုအခါ စောသက်မီးသည် ဇနီးသည်နော်ယူမယ်နှင့် သားသမီးငါးဦးကို ထားရစ်ခဲ့ပြီဖြစ်သည်။ သူသေဆုံးသွားသော်လည်း ဌာနေကရင်တိုင်းရင်းသားတို့၏ရိုးရာဓလေ့ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ ကော်ဓလေ့ရိုးရာမြေ စီမံခန့်ခွဲမှုစနစ်ရှင်သန်ရေး၊ နောင်လာနောက်သားများအား ဌာနေတိုင်းရင်းသားအသိပညာများလက်ဆင့်ကမ်း သင်ကြားပေးရေး၊ စသည်များတွင် ဘဝနှစ်မြုပ်ပေးဆပ်ခဲ့သော ၎င်း၏ဆောင်ရွက်မှုနှင့် စိတ်ဆန္ဒပြင်းပြမှုများအတွက် ၎င်းကို အများပြည်သူက ဆက်လက်တမ်းတအမှတ်ရနေမည်ဖြစ်သည်။

## အခင်းဖြစ်ပွားမှု

၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်၊ ညနေစောင်းအချိန်တွင် လူသောမြို့နယ်၊ စော်မူပလောကျေးရွာအုပ်စု၊ "ကော်သေဂူ" နယ်မြေအတွင်းရှိ ထီးဘောခီးကျေးရွာတွင်နေထိုင်ကြသော စောသက်မီးနှင့်ဇနီးနော်ယူမယ်တို့သည် ဗမာတပ်မတော်လမ်းမ၏ အခြားတဖက်၌ရှိသော ပလောဂေါ်ဒေသတွင် နေထိုင်ကြသည့် ဆွေမျိုးများဆီသို့ အလည်အပတ်သွားအပြီး တစ်ချိန်တည်းတွင် အစားအစာများနှင့် သီးနှံအချင်းချင်းလဲလှယ်နိုင်သည့် ကွမ်းသီး ကဲ့သို့သောကုန်ပစ္စည်းများကိုဝယ်ယူပြီးနောက် အိမ်သို့ခြေလျင် လျှောက်ပြန်ခဲ့ကြသည်။ ၎င်းတို့၏အပြန်လမ်းတွင် စော်နွယ်ပလောကွင်း၌ရှိသောဗမာတပ်မတော်၏လမ်းမကို ဖြတ်ကူးခဲ့ရသည်။

ထိုနေ့တွင် ရွာသူရွာသားများအတွက် လုံခြုံရေးယူရန် ကရင်အမျိုးသားအစည်းအရုံး (KNU) က တာဝန်ပေးထားသော ဖူးကဆောနှင့် သူ၏လက်ထောက်တစ်ဦးသည် ဗမာတပ်မတော်၏လမ်းမကို ဖြတ်ကူးမည့်ရွာသူရွာသားများအတွက် လုံခြုံရေးယူရန် စောနွယ်ပလောကွင်းသို့ သွားရောက်ခဲ့သည်။ ညနေပိုင်းအလင်းရောင်နည်းသွားသည့်အချိန်တွင် ဖူးကဆောသည်လည်း စိုးရိမ်စရာအရိပ်အရောင်များမတွေ့ရသည့်အတွက် ဗမာတပ်မတော်၏လမ်းမကို ရွာသူရွာသားများဘေးကင်းလုံခြုံစွာဖြတ်ကူးနိုင်ပြီဟု ယူဆခဲ့သည်။ ထို့ကြောင့် ညနေ ၆ နာရီ မိနစ် ၄၀ အချိန်တွင် လမ်းမတဖက်ခြမ်းစီ၌ရှိသော ရွာသူရွာသားများက ဗမာတပ်မတော်၏ လမ်းမကို စတင်ကူးဖြတ်ခဲ့သည်။ စောသက်မီး၊ နော်ယူမယ်၊ ၎င်းတို့၏အပေါင်းအပါ ၃ ဦး၊ နှင့် KNU လုံခြုံရေးအဖွဲ့သား တစ်ဦးတို့ သည် ဆန်၊ မုန့်၊ ကွမ်းသီး၊ နှင့်အခြားလယ်ယာပစ္စည်းများကို ထမ်းပိုးကာ ဗမာတပ်မတော်လမ်းမကို စတင်ကူးဖြတ်ခဲ့သည်။

ထိုအုပ်စုသည် ဗမာတမ်မတော်လမ်းမကိုဖြတ်ကူး၍အပြီး မီတာ ၁၀၀ ခန့်အကွာအဝေးသို့ရောက်သောအခါ တပ်သား ၁၀ ဦးပါဝင်သည့် ဗမာတပ်မတော်အဖွဲ့၏ ချောင်းမြောင်းပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ အချိန်မှာ ညနေ ၆ နာရီ မိနစ် ၅၀ ဖြစ်သည်။ ထို့ကြောင့် ရွာသူရွာသားများမှာ အသက်ဘေးမှလွတ်ရန် ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ကြသည်။ ဖူးကဆောနှင့်၎င်း၏လက်ထောက်သည် ရွာသူရွာသားများ ဘေးကင်းစွာရှောင်ပြေးနိုင်ရန်အတွက် ဗမာတပ်မတော်ဖက်ဆီသို့ ကျည်အနည်းငယ်ဖြင့် ပစ်ခတ်ပေးခဲ့သည်။ ထိုသို့ပြေးလွှားနေစဉ် ၎င်းအားသေနတ်ထိမှန်ပြီဖြစ်ကြောင်းနှင့် ၎င်းကိုထားရစ်ပြီးဆက်လက်ပြေးရန် နောက်မှလှမ်းအော်သတိပေး ခဲ့သောခင်ပွန်း စောသက်မီး၏အသံကို ၎င်း၏ဇနီးမှ နောက်ဆုံးအကြိမ် ကြားလိုက်ရသည်။

စောသက်မီးမှာ ထိုကဲ့သို့ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း သေနတ်ထိမှန်ခြင်းကြောင့် သေဆုံးပြီဖြစ်သည်ဟု ဒေသခံများက ယုံကြည်သည်။ သို့သော် စောသက်မီးမသေဆုံးခင် ၎င်းကို ကျည်ဘယ်နှစ်ချက်ထိမှန်ခဲ့ပြီး အသက်မထွက်ခင် မည်မျှကြာအောင် ခံစားခဲ့ရသည်ကို မည်သူမှမသိပါ။ စောသက်မီးသည် ကွမ်းသီးပါသော အဖြူရောင်အိတ်ကို လွယ်ထားခြင်းကြောင့် အလင်းရောင် နည်းနေသောအချိန်တွင် ဗမာစစ်တပ်အတွက် လွယ်ကူစွာမြင်ရသောပစ်မှတ်ဖြစ်ခဲ့သည်ဟု ယူဆရသည်။

ဗမာစစ်သားများသည် အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာသွားပြီဖြစ်ကြောင်းကို သေချာစွာသိရှိနိုင်ခဲ့သောအချိန်၊ ဧပြီလ ၄ ရက်နေ့တွင် ရွာသူရွာသားများသည် စောသက်မီး၏အလောင်းကို ရွာသို့ပြန်လည်သယ်ဆောင်ရန်အတွက် အခင်းဖြစ်ရာ နေရာသို့သွားသောအခါ စောသက်မီး၏အလောင်းကိုမတွေ့ရသလို ၎င်းသယ်ဆောင်ခဲ့သော ကုန်ပစ္စည်းများမှာလည်း ထိုနေရာတွင် မရှိတော့ပါ။ ရိုးရာနတ်စားဘာသာ၏ ယုံကြည်မှုနှင့်ဓလေ့ထုံးတမ်းအရ သေဆုံးသွားသောမိသားစုဝင်အတွက် သင်္ဂြိုလ်ခြင်းအခမ်းအနား ကို မဖြစ်မနေဆောင်ရွက်ပေးရမည်။ ထိုမှသာ သေဆုံးသွားသောသူ၏ဝိညာဉ်သည် ကောင်းရာသုကတိသို့ ရောက်မည်ဖြစ်သည်။ သို့သော စောသက်မီး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိသည့်အတွက် စောသက်မီး၏မိသားစုဝင်များသည် ၎င်းပစ်သတ် ခံရသောနေရာသို့သွားရပြီး ၎င်း၏ဝိညာဉ်ကို ရွာသို့ပြန်လည်ဖိတ်ခေါ်ခြင်းများပြုကာ အသုဘအခမ်းအနားပြုလုပ်နိုင်ရန်လုပ် ဆောင်ခဲ့ရသည်။

ဤဖြစ်စဉ်တွင် ဗမာစစ်သားများသည် ကရင်ရွာသူရွာသားများကို ပစ်ခတ်သတ်ဖြတ်လိုသောရည်ရွယ်ချက်ရှိကြောင်း ထင်ရှားသည်။ ဤသို့ဆိုရခြင်းမှာ စောသက်မီးပစ်သတ်ခံရသည့် မတ်လ ၃၁ ရက်နေ့၏ နံနက်ပိုင်းအချိန်တွင်လည်း ယခုဗမာ တပ်မတော်၏လမ်းမကို စောသဲမီးအပစ်ခံရသည့်နေရာနှင့် ၁ ကီလိုမီတာ အကွာတွင်ရှိသည့် အခြားတစ်နေရာမှဖြတ်ကူးကြ သော ရွာသူရွာသားများကို ဗမာစစ်သားများက ပစ်ခတ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့သော် ကံကောင်းထောက်မစွာပင် ရွာသူရွာသား များဘေးကင်းစွာ ထွက်ပြေးနိုင်ခဲ့သည်။ ဗမာစစ်သားများကင်းလှည့်သွားလာရာတွင် ပုံမှန်အားဖြင့် ညနေပိုင်းရောက်သောအခါ ၎င်းတို့၏စခန်းသို့ ပြန်သွားကြသည်။ ယခုဖြစ်စဉ်တွင် ဗမာစစ်သားများသည် ရွာသူရွာသားများ လမ်းဖြတ်ကူးရာနေရာနှင့်မနီးမဝေး၌ နံနက်ခင်းကတည်းက ကျင်းများတူးပြီး ညနေအချိန်အထိ ပုန်းနေခဲ့ကာ ရွာသူရွာသားများကို ပစ်ခတ်ရန် စောင့်နေခဲ့သည်။ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်အရ ဗမာတပ်မတော်သည် ၎င်း၏လမ်းမဘေးပတ်လည်ကိုက် ၅၀ အတွင်း သွားလာခွင့်ရှိ သည်။ သို့သော် ဗမာစစ်သားများသည် ထိုခွင့်ပြုချက်ထက်ပိုပြီး လမ်းမ၏ ၁၀၀ ကီလိုမီတာအကွာတွင် ရွာသူရွာသားများအားစောင့် ကာ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ဗမာစစ်သားများသည် ၎င်းတို့နှင့်မနီးမဝေးတွင် ရွာသူရွာသားများလမ်းဖြတ်ကူးရန်အတွက် လုံခြုံရေး

သွားရောက်ယူနေသော KNU လုံခြုံရေးအဖွဲ့ဝင်များကို မပစ်ခတ်ဘဲ အပြစ်မဲ့ရွာသူရွာသားများကို ပစ်မှတ်ထားခဲ့သည်။ နောက်ဆုံးတွင် စောသက်မီး၏အလောင်းကိုပါ ဖျောက်ကာ ၎င်းတို့၏ပစ်ခတ်တိုက်ခိုက်မှုသက်သေကို ဖျက်ဆီးခဲ့သည်။

## နောက်ထပ်ဝမ်းနည်းကြေကွဲစရာနှင့် မလိုလားအပ်သောဆုံးရှုံးမှု

ယခုကဲ့သို့ စောသက်မီးသေဆုံးရခြင်းသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် မူတြော်ခရိုင်လူထုအားလုံးအတွက် ကြီးမားသော အဖြစ်ဆိုးတစ်ရပ်ဖြစ်သည်။ မပြီးဆုံးသေးသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးခရီးနှင့် ကျွန်ုပ်တို့ ၏ဘိုးဘွားနယ်မြေကာကွယ်ထိန်းသိမ်းရေးများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် စောသက်မီး၏ပေးဆပ်မှုကို ကျွန်ုပ်တို့မည်သောအခါမှ မေ့မည်မဟုတ်ပါ။

လက်ရှိတွင် ကျွန်ုပ်တို့လူမှုအသိုင်းအဝိုင်းထဲရှိ ပြည်သူများ၊ ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများမှာဗမာတပ်မတော်၏ပစ်မှတ်ထားခြင်းနှင့် သတ်ဖြတ်ခြင်းကို ဆက်လက်ကြုံနေရဆဲဖြစ်သည်။ စောသက်မီးသေဆုံးရခြင်းမှာ ဗမာတပ်မတော်၏ ကရင်လူထုအပေါ် ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာ ဆက်လက်တိုက်ခိုက်နေမှုများကြောင့်ဖြစ်သည်။

ဗမာတပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်ကိုချိုးဖေါက်လျှက် ပြည်သူလူထုအား ဆက်လက်တိုက်ခိုက်နေဆဲဖြစ်သည်။ ဒေသခံရွာသူရွာသား၏အသက်ကို အလေးမထားသောဗမာတပ်မတော်နှင့် ၎င်း၏ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်ကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီက ရှုတ်ချသည်။ အကယ်၍သာ ဗမာတပ်မတော်သည် အပစ်ခတ်ရပ်စဲရေး၏စည်းမျဉ်းစည်းကမ်းများကို မချိုးဖေါက်ဘဲ ဒေသအတွင်းမြင့်မားလာသောတင်းမာမှုများကို အကြမ်းမဖက်သောနည်းလမ်းနှင့် မှန်ကန်သောစိတ်ထားဖြင့်ဖြေရှင်းခဲ့လျှင် ယခုကဲ့သို့အဖြစ်ဆိုးနှင့် ပြည်သူနောက်ထပ်တစ်ဦး ထပ်မံဆုံးရှုံးရသည့်အဖြစ်ကို ရှောင်လွဲနိုင်ခဲ့မည်ဖြစ်သည်။

ကော်သူးလေပြည်သူအားလုံးအတွက် ထာဝရတည်တန့်သော ငြိမ်းချမ်းရေးအစစ်အမှန်ကို ဖေါ်ဆောင်နိုင်ရန် အားလုံးအတူတကွဆက်လက်လုပ်ဆောင်ရန် အရေးကြီးကြောင်းကို ယခုစိတ်နှလုံးကြေကွဲဖွယ်ရာ စောသက်မီးသေဆုံးမှုက ကျွန်ုပ်တို့အား ထပ်မံသတိပေးလိုက်ပြီဖြစ်သည်။ စောသက်မီးတစ်ဦးသေဆုံးသွားသော်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ထဲရှိလူထုအားလုံး၏စိတ်နှလုံးထဲတွင် ၎င်းသည် အမြဲတမ်းဆက်လက်ရှင်သန်နေမည် ဖြစ်သည်။

ပိုမိုသိရှိရန်အတွက် နော်ဆာမူးကို ကရင်နှင့်အင်္ဂလိပ်ဘာသာများဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း +၆၆ ၉၇၉ ၉၅၈ ၁၇၇



၂၀၁၅ ခုနှစ်၊ ကော်ခလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲတွင် တွေ့ရသည့် စောသက်မီး (ဒုတိယအတန်း၊ ဝဲမှယာသို့ - ဆဌမမြောက်) နှင့် ၂၀၁၈ ခုနှစ်တွင် ဗမာတပ်မတော်ကပစ်သတ်ခဲ့သော စောအိုမူး (ပထမအတန်း၊ ဝဲမှယာသို့ - တတိယမြောက်)